## ရည်ရွယ်ချက်

➢ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် နိုင်ငံသားများမှ Passport for Job (PJ) နှင့် Passport for Seaman (PS) နိုင်ငံကူးလက်မှတ် အမျိုးအစားများ လျှောက်ထား/ သက်တမ်းတိုးခြင်းအတွက် အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်ပုံစံလျှောက်ထားရာတွင် လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များအား ရှင်းလင်းစွာသိရှိနိုင်ရန်ဖြစ်ပါသည်။

## စတင်အကျိုးသက်ရောက်သည့်ကာလ

➢ ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ ၁-၁၀-၂၀၂၃ ရက်နေ့မှစတင်၍ ပြည်ပနေနိုင်ငံသားများ၏ ပြည်ပတွင်နိုင်ငံခြားငွေဖြင့် ရရှိသည့်လစာခေါင်းစဉ်မှ ဝင်ငွေအပေါ် ဝင်ငွေခွန် တွက်ချက်ပေးဆောင်ရမည်ဖြစ်ပါသည်။




## ပေးဆောင်ရမည့်အခွန်နှုန်းထား

➢ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် နိုင်ငံသားများမှ ပြည်ပတွင် ရရှိသည့်လစာဝင်ငွေအပေါ် နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါနှုန်းထားဖြင့် တွက်ချက်၍ ကြိုတင်ခွန်ပေးဆောင်ခြင်း (သို့မဟုတ်) စည်းကြပ်မှုခံယူခြင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## အခွန်တွက်ချက်ပုံ

➢ ပေးဆောင်ရမည့်အခွန်ကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm Home Page ရှိ လစာဝင်ငွေခွန် တွက်ချက်ရန် (ပြည်ပနေနိုင်ငံသား) Menu Link (သို့မဟုတ်) https://paye.ird.gov.mm မှတစ်ဆင့်ဝင်ရောက် တွက်ချက်ကြည့်နိုင်ပါသည်။



## အခွန်ပေးဆောင်ရမည့်နည်းလမ်း

➢ ဝင်ငွေခွန်အား သက်ဆိုင်ရာနိုင်ငံ၏သံရုံး သို့မဟုတ် ကောင်စစ်ဝန်ချုပ်ရုံးတွင်လည်းကောင်း၊ သက်ဆိုင်ရာပြည်ပနိုင်ငံ၏ အခွန်ဥပဒေအရ လည်းကောင်း ပေးဆောင်ထားပါက ပေးဆောင်ထားသည့် အထောက်အထားအရ ပေးဆောင်ရမည့်ဝင်ငွေခွန်ပမာဏမှ ပေးဆောင်ခဲ့သည့် ပမာဏကို ခုနှိမ်တွက်ချက်ပြီး ပေးဆောင်ရန်ကျန် အခွန်ပေါ်ပေါက်ပါက ထပ်မံပေးသွင်းရမည်ဖြစ်ပါသည်။

## အခွန်ပေးသွင်းပုံနည်းလမ်း

➢ Passport for Job (PJ) နှင့် Passport for Seaman (PS) နိုင်ငံကူးလက်မှတ်အမျိုးအစား သက်တမ်းတိုးမြှင့်လိုသည့် နိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးမှ အခွန်ပေးဆောင်ခြင်းဖြစ်ပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ဝင်ငွေခွန်နည်းဥပဒေများ နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ(ဈ)၊ နည်းဥပဒေခွဲငယ်(၁) နှင့်အညီ ဝင်ငွေ ကြေညာလွှာတင်သွင်းပြီး အပြီးသတ်စည်းကြပ်မှု ခံယူရမည်ဖြစ်ပါသည်။

➢ အခွန်ပေးသွင်းရာတွင် ဘဏ်ငွေသွင်းချလန် ပတခ (ဝင)-၀၂-၀၁ ဖြင့် လည်းကောင်း၊ အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်း၊ မိုဘိုင်းငွေ ပေးချေမှုနည်းလမ်း CBM-NET မှတစ်ဆင့်လည်းကောင်း၊ MPU Card ကို အသုံးပြု၍ Online မှတစ်ဆင့်လည်းကောင်း ပေးသွင်းနိုင်ပါသည်။



## ပြန်အမ်းခြင်း

➢ နိုင်ငံခြားငွေဖြင့် ရရှိသည့်လစာဝင်ငွေအပေါ် သက်ဆိုင်ရာ နိုင်ငံ၏သံရုံး သို့မဟုတ် ကောင်စစ်ဝန်ချုပ်ရုံး၌ ဝင်ငွေခွန်ပေးသွင်းခဲ့သော အခွန်ထမ်းသည် ဝင်ငွေနှစ်ကုန်ဆုံးချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် ဝင်ငွေနှစ်အတွင်း ဝင်ငွေမရှိကြောင်း သို့မဟုတ် ပေးဆောင်ထားသော အခွန်ငွေသည် စည်းကြပ်မှုအရ ကျသင့်အခွန်ငွေထက် ကျော်လွန်နေကြောင်း သိရှိရပါက ဝင်ငွေကြေညာလွှာနှင့်အတူ လိုအပ်သော စာရွက်စာတမ်း အထောက်အထားများ ခိုင်လုံစွာတင်ပြပြီး သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ စည်းကြပ်မှုခံယူ၍ လစာဝင်ငွေခွန် ပြန်အမ်းငွေ ပြန်လည် တောင်းခံနိုင်ပါသည်။

## အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်လျှောက်ထားခြင်းကို လက်ခံဆောင်ရွက်ပေးမည့်ရုံးများ

➢ ရန်ကုန်တိုင်းဒေသကြီး

- ရန်ကင်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊
- ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊
- အင်းစိန်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊
- ဒေါပုံမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး။

- ➢ မန္တလေးတိုင်းဒေသကြီး
  - မဟာအောင်မြေမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊
  - ချမ်းမြသာစည်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး။
- ➢ ကျန်တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေတို့တွင် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ။

## အခွန်ကင်းရှင်းကြောင်းထောက်ခံချက် လျှောက်ထားသူများက ဆောင်ရွက်ရမည့်ကိစ္စရပ်များ



- ➢ Passport for Job (PJ) နှင့် Passport for Seaman (PS) နိုင်ငံကူးလက်မှတ်အမျိုးအစား သက်တမ်းတိုးမြှင့်လိုသည့် နိုင်ငံသားများအနေဖြင့် အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်လာရောက်လျှောက်ထားရာတွင် ရုံးခွန်ကပ်တံဆိပ်ခေါင်း ၅၀ ကျပ်တန် ကပ်နှိပ်ထားသော လျှောက်လွှာပုံစံနှင့်အတူ အောက်ပါအထောက်အထားများအား သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးများတွင် ပူးတွဲတင်ပြရမည်ဖြစ်ပါသည်–
  - နိုင်ငံကူးလက်မှတ်အတွက် အထောက်အထား၊
  - နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
  - အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊
  - လစာဝင်ငွေဆိုင်ရာအထောက်အထား (ဥပမာ–သင်္ဘောသားဖြစ်ပါက Portage bill)၊
  - အလုပ်နှင့်စပ်လျဉ်းသည့် အထောက်အထား (Contract/ Appointment)၊
  - Oversea Worker Identification Card (OWIC) အမှတ် သို့မဟုတ် Continuous Discharge Certification (CDC)/ Seafarer Identification Record Book (SIRB) အမှတ်အတွက် အထောက်အထား၊
  - ကိုယ်စားလှယ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါက မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေဇယား ၁၊ စဉ် ၄၈ အရ ထိုက်သင့်တံဆိပ်ခေါင်းခွန် ကပ်နှိပ်ထားသော ကိုယ်စားလှယ်လွှဲစာ။
- ➢ အခွန်ထမ်းအနေဖြင့် အခွန်ကင်းရှင်းကြောင်းထောက်ခံချက်ပုံစံ ပျောက်ဆုံးသွားပါက အမည်၊ Passport No.၊ TIN No.၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ကတိခံဝန်တို့ဖြင့် မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားခြင်းအား တစ်ကြိမ်သာလျှင် လျှောက်ထားခွင့်ရှိပါသည်။

## ကျေးဇူးတင်လွှာ

နိုင်ငံတော်အစိုးရသည် အခွန်အကောက်ရငွေများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းတံတားတည်ဆောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ပါသဖြင့် တည်ဆဲအခွန်ဆိုင်ရာဥပဒေများနှင့်အညီ ကျသင့်အခွန်များအား နိုင်ငံကြီးသားပီသစွာဖြင့် မှန်မှန်ကန်ကန် ပြည့်ပြည့်ဝဝအခွန်ပေးဆောင်ကြသော ပြည်ပနေနိုင်ငံသားများအား အထူးကျေးဇူးတင်ရှိပါသည်။




**ပြည်တွင်းအခွန်များဦးစီးဌာန**

အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (ရန်ကုန်)၊ အမှတ် ၁၂၈/ ၁၃၂၊ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း– ၀၁–၈–၃၈၉၃၁၁၊ ဖုန်း– ၀၁– ၈–၃၈၉၃၂၂၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)၊ ၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း– ၀၂– ၄၀၃၀၁၉၂၊ ၀၂–၄၀၃၀၆၃၈၊ ၀၂–၄၀၃၀၆၃၉ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ဖုန်း–၀၆၇–၃၄၃၀၅၂၂၊ ၀၆၇–၃၄၃၀၅၄၄ သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ website ဖြစ်သော www.ird,gov.mm သို့ ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် နိုင်ငံသားများမှ Passport for Job (PJ) နှင့် Passport for Seaman (PS) နိုင်ငံကူးလက်မှတ်အမျိုးအစားများ လျှောက်ထား/သက်တမ်းတိုးခြင်းအတွက် အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်ပုံစံ လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုက်နာဆောင်ရွက်ကြရမည့်အချက်များ




၂၀၁၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။

**Internal Revenue Department**

**Office Building No.(46), Nay Pyi Taw**

https://www.ird.gov.mm

**“Tax by the Law, Service by our Heart”**